# Mobye People Defense Force

ကြေညာချက်အမှတ်၊ **၄ / ၂၀၂၁။** | ရက်စွဲ။ **ဇွန်လ (၅)ရက်၊ ၂၀၂၁ခုနှစ်**

## ရထားလမ်းတိုက်ပွဲ သတင်းထုတ်ပြန်ချက်

ဇွန် (၄)ရက်နေ့ ညနေ ၃နာရီခွဲအချိန်မှ စ၍ **MBPDF** နှင့် အကြမ်းဖက်စစ်ကောင်စီတပ်တို့ကြား ၃နာရီကျော်ကြာ တိုက်ပွဲ ဖြစ်ပွားခဲ့ပါတယ်။ လက်နက်ကြီး ပစ်ကူဖြင့် သတ်မှတ်ထားသော စည်းအား ကျော်လာသော အကြမ်းဖက်စစ်တပ်ကို **MBPDF** မှ ပြန်လည် ပစ်ခတ်ခဲ့ရာ ၎င်းတို့ဘက်မှ တပ်ဆုတ်သွားပြီး ညနေ ၄နာရီခွဲခန့်တွင် တိုက်ပွဲ ခဏ ငြိမ်သက်ခဲ့ပါသည်။ သို့သော်လည်း အကြမ်းဖက်စစ်တပ်၏ လက်နက်ကြီးများ ဆက်လက်ပစ်ခတ်မှုကြောင့် ပြည်သူ့နေအိမ်အချို့ ပျက်ဆီးမှုများရှိခဲ့ပါသည်။ ပွဲကုန်း(၃) ရပ်ကွက်ရှိ ခရစ်ယာန်ဘုရားကျောင်းတွင် စစ်ဘေးရှောင်နေသော အပြစ်မဲ့အရပ်သားအချို့ကိုလည်း တပ်ဆုတ်ရင်းပင် ဖမ်းဆီးသွားခဲ့ပါသည်။ ဖယ်ခုံဘက်မှ စစ်ကားအများအပြားဖြင့် စစ်အင်အားဖြည့်တင်းလာသော အကြမ်းဖက်စစ်တပ်ကို ညနေ ၅ နာရီ အချိန်ခန့်တွင် **MBPDF** မှစတင်ပစ်ခတ်ခဲ့ရာ **အကြမ်းဖက် စစ်တပ်ဘက်မှ (၄) ဦးထက်မနည်း ကျဆုံးပြီး ၄ဦးထက်မနည်း ဒဏ်ရာ** ရရှိခဲ့ပါတယ်။ **MBPDF** ဘက်မှ **အသေးစားဒဏ်ရာ (၂)ဦးသာ** ရရှိခဲ့ပါတယ်။ စစ်တပ်၏ရမ်းသမ်းပစ်လိုက်တဲ့ လက်နက်ကြီးများသည် လူနေအိမ်ပျက်စီးမှုများ ဖြစ်ယုံသာမက စက်တော်ရာ ဗုဒ္ဓဘုန်းကြီးကျောင်း အနီးတွင်လည်း ကျရောက် ပေါက်ကွဲခဲ့ပါတယ်။ ၎င်းဘုန်းကြီးကျောင်းတွင် စစ်ဘေးရှောင် ပြည်သူ အများအပြားရှိပြီး ပြည်သူလူထုအား ကြားခံပစ်မှတ်ထား တိုက်ခိုက်နေခြင်းမှာ အင်မတန် စပ်ဆုပ် ရွံရှာဖွယ်ရာ လုပ်ရပ်ပင်ဖြစ်သည်။ ကျွန်ုပ်တို့ **MBPDF** သည် ပြည်သူလူထု၏ အသက်အိုးအိမ်၊ စည်းစိမ်းများကို ကာကွယ်စောင့်ရှောက်မည့် အဖွဲ့ဖြစ်ပြီး ပြည်သူလူထုအပေါ်ကျရောက်လာမည့် အကြမ်းဖက်စစ်တပ်၏ လူမဆန်မှုများကို ကျွန်ုပ်တို့ဘက်မှ အစွမ်းကုန် ကာကွယ်စောင့်ရှောက်သွားမည် ဖြစ်သည်။ မိုးဗြဲမြို့ပေါ် ရှိ တပ်ဆွဲထားတဲ့ အကြမ်းဖက်စစ်တပ်သည် အပြစ်မဲ့ ပြည်သူများကို လူ့ဂုဏ်သိက္ခာကျင့်ဝတ်များနှင့်ဆန့်ကျင်၍ ဖမ်းဆီးခြင်း၊ ပစ်ခတ် သတ်ဖြတ်ခြင်းများလည်း ဆက်တိုက်ကျူးလွန်လာနေပါသည်။

**– မိုးဗြဲပြည်သူ့ကာကွယ်ရေးတပ်-MBPDF**

**သတင်းနှင့် ပြန်ကြားရေး။**